လေးတိုင်စင်ကျေးရွာ

မြို့သစ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၈ – ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လေးတိုင်စင်(တ)ကျေးရွာ၊ မြို့သစ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဇွန်လ

မာတိကာ ၁-၂
စကားချီး ၃-၄
လေးတိုင်စင်(တ)ကျေးရွာသယံဇာတပြမြေပုံ ၅-၅

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်

(၁) ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွမ်းခြုံသက်ရောက်မှု ၆-၇
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်
( ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၈-၈
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
( ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
၉-၁၀
(က) လူဦးရေဆိုင်ရာ အချက်အလက်များ
( ခ) စီးပွားရေးအခြေအနေ
(ဂ ) ကျန်းမာရေးအခြေအနေ
(ဃ ) ပညာရေးအခြေအနေ
( င) ကျား၊မဆိုင်ရာ ဆက်နွယ်မှု

(၄) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၀-၁၃
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
( ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
( ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာစီမံခန့်ခွဲမှု
( င) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု
(စ) လူငယ်နှင့် ယဉ်ကျေးမှု
(ဆ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
(ဇ) အခြေခံအဆောက်အအုံနှင့်ဝန်ဆောင်မှု

(၅) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၃-၁၅
(က) ရည်မှန်းချက်ပန်းတိုင်
(ခ) နည်းဗျူဟာ

(၆) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ၁၅-၁၆

ကျသော ချိတ်ဆက်မှုများ
(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း
(ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ
(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း
(၇) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၆-၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့်ဘဏ္ဍာငွေသုံးစွဲမှုအခြေအနေ
( ခ) ဘဏ္ဍာရေးနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
( ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၈) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၃-၂၅
(၉) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၆-၂၇
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
( ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
( ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၀) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၇-၂၉
(က) ကြီးကြပ်စစ်ဆေးခြင်း
(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု
(၂) ငွေကြေးဆိုင်ရာတိုးတက်မှု
( ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုသုံးသပ်ခြင်းနှင့် အကဲဖြတ်ခြင်း
( ဂ) နည်းပညာဆိုင်ရာ အကူအညီ
(၁၁) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် ၃၀-၃၃
နောက်ဆက်တွဲ
(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ ၃၄-၄၃
(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ ၄၄-၇၃

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ လေးတိုင်စင်ကျေးရွာ၏ ကျေးရွာ သူ/သား များ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက် သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ် များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ကြောင်း ကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များ ကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်း များသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်

ရေးဦးစီးဌာန၊ မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇွန်လ၊ ၂၀၁၉ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လေးတိုင်စင်(တ)ကျေးရွာ

မြို့သစ်မြို့နယ်



**အင်းရွာကြီးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မြို့သစ်မြို့နယ်**

**ရည်ညွှန်း** –လေးတိုင်စင်(တ)ကျေးရွာ၊ လေးတိုင်စင်ကျေးရွာအုပ်စု၊ မြို့သစ်မြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၉ ခုနှစ်၊ ဇွန်လ )

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

### (၁) ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး

တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ ( ၅ ) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့် ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေး ဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေး

စားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင် နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံချက်များ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပထဝီဝင်အနေအထားအရ မြို့သစ်မြို့နယ်၊ မကွေးတိုင်းဒေသကြီးသည် မြန်မာပြည်၏ အလယ်ပိုင်း တွင်တည်ရှိပါသည်။ မြို့သစ်မြို့နယ်သည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းတွင် တည်ရှိ၍ မကွေးတိုင်း ဒေသကြီး၊ မကွေးခရိုင်တွင် တည်ရှိပါသည်။ မြို့သစ်မြို့နယ်သည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီနှင့်၂၂ဒီဂရီကြား အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ နှင့် ၉၆ဒီဂရီ အကြားတွင်တည်ရှိပြီး အကျယ်အဝန်းမှာ( ၆၁၂.၆၈ ) ကျယ်ဝန်းပါသည်။

မြို့သစ်မြို့နယ်သည် အရှေ့ဘက်တွင် မန္တလေးတိုင်းဒေသကြီးရှိ ရမည်းသင်းမြို့နယ်တို့ နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပြီး တောင်ဘက်တွင် မကွေးတိုင်းဒေသကြီးရှိ တောင်တွင်းကြီးမြို့နယ်တို့နှင့် ထိစပ်လျက်ရှိပါသည်။အနောက်ဘက်တွင် မကွေးတိုင်းဒေသကြီးရှိ မကွေးမြို့နယ်တို့နှင့် ထိစပ်လျက်ရှိပြီး မြောက်ဘက်တွင် မကွေးတိုင်းဒေသကြီးရှိ နတ်မောက်မြို့နယ်တို့နှင့် နယ်နိမိတ်ထိ စပ်လျက်ရှိပါသည်။

လေးတိုင်စင်(တ)ကျေးရွာသည် ပထဝီဝင်အနေထေားအရ မြေပြန့်ဒေသဖြစ်ပြီး လေးတိုင်စင် ကျေးရွာအုပ်စုတွင်တည်ရှိပါသည်။ လေးတိုင်စင်တောင်ကျေးရွာ၏ မြောက်ဘက်တွင် လေးတိုင်စင်(မ) ကျေးရွာ၊ အရှေ့ဘက်တွင် လှေဝန်ကျေးရွာ၊ တောင်ဘက်တွင် အောင်မြင်သာကျေးရွာနှင့် ဖိုကြီးကျေးရွာ၊ အနောက်ဘက်တွင် လေးတိုင်စင်အုပ်စု ဝေါ့တောကျေးရွာနှင့် မကွေးမြို့နယ်မှ ဖိုလေးလုံးကျေးရွာတို့ ရှိပါသည်။ လေးတိုင်စင်(တ)ကျေးရွာသည် မကွေး-ကံပြားလမ်းမကြီးဘေးတွင်တည်ရှိပါသည်။ လေးတိုင်စင်ကျေးရွာအုပ်စုတွင် ကျေးရွာ(၆)ရွာတို့ဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်းကျေးရွာများမှာ လေးတိုင်စင်(တ)ကျေးရွာ၊ လေးတိုင်စင်(မ)ကျေးရွာ၊ ဝေါ့တောကျေးရွာ၊ အောင်မြင်သာကျေးရွာ၊ ဖိုးကြီးကျေးရွာနှင့် သားမျှားကျေးရွာတို့ ဖြစ်ကြပါသည်။ လေးတိုင်စင်(တ)ကျေးရွာသည် မြို့သစ်မြို့နယ်၏ အနောက်ဘက်ဆုံးတွင်တည်ရှိပြီး မြို့သစ်မြို့နယ်နှင့်နယ်နိမိတ်ခြင်း ထိစပ်နေပါသည်။

### (ခ) သဘာဝအရင်းအမြစ်များ

အင်းရွာကြီး ကျေးရွာသည် နှစ်စဉ်မိုးရေချိန် ( ၃၄ )လက္မခန့်ရှိပြီး သဘာဝပေါက်ပင်များမှာ မန်ကျည်း ၊ တမာ ၊ ကုက္ကို ၊ ရှား ၊ ထနောင်း၊ ဇီး၊ အင်ပင်၊ ထန်းပင်နှင့် ကျွန်းပင်များ အများဆုံး ပေါက်ရောက်လေ့ရှိသည်။ လေးတိုင်စင်(တ)ကျေးရွာသည် ယာမြေကေမှာ (၁၅၉၂.၆၈)ကေရှိပြီး အဓိကအားဖြင့် နှမ်းနှင့် မြေပဲများစိုက်ပျိုးကြပါသည်။ မိုးနှောင်းပိုင်းတွင် ပဲတီစိမ်း၊ မြေပဲပင်ထောင်နှင့် နွားစာပြောင်းများ စိုက်ပျိုးကြပါသည်။

## (၃) ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ

### (က) လူဦးရေဆိုင်ရာ အချက်အလက်များ

အင်းရွာကြီးကျေးရွာတွင် အိမ်ထောင်စုပေါင်း(၆၂၅)စုနှင့် ကျား(၁၄၄၉)ဦး၊ မ(၁၄၈၇)ဦး ရှိပြီး လူဦးရေ စုစုပေါင်း(၂၉၃၆)ဦးရှိပါသည်။ အင်းရွာကြီးကျေးရွာတွင် ဗုဒ္ဓဘာသာ၊ မြန်မာလူမျိုးများ ဖြစ်ကြပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေမှာ (၆၆%)ရှိပြီး၊ လူဦးရေ စုစုပေါင်း(၃၄%)ခန့်သာ မှီခို သူများဖြစ်သည့်အတွက် အလုပ်လုပ်ကိုင်နိုင်မှု အင်အားကြီးမားပါသည်။ ကျေးရွာရှိ အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် (၃၈)ဦးသာပိုများ ပါသည်။

### (ခ) စီးပွားရေးအခြေအနေ

အင်းရွာကြီးကျေးရွာ၏ ဥစ္စာဓနအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၇၄%)ခန့် သည် ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများ၊ (၂၄%)ခန့်သည် အလယ်အလတ် အဆင့်ရှိသည့် အိမ်ထောင်စုများ၊ (၅%)ခန့်သည် ချမ်းသာသည့် အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှုနှင့် မြို့ပြဇရိယာလက်လှမ်းမီမှုတို့ကြောင့် ကျေးရွာ၏စီးပွားရေး အခြေအနေမှာ အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင် သော်လည်း ကျေးရွာ၏ ချမ်းသာသော အိမ်ထောင်စုများတွင် ထွန်စက်၊ ကား၊ လက်တွန်းထွန်စက်နှင့် မြတ်ရိတ်စက်များရှိပါသည်။

### (ဂ) ကျန်းမာရေးအခြေအနေ

အင်းရွာကြီးကျေးရွာတွင် ကျန်းမာရေးအနီးကပ်စောင့်ရှောက်ရန် ကျန်းမာရေးဌာနမရှိပါ။ ကျေးရွာတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးသူငယ်များ ကာကွယ်ဆေးထိုးနှံခြင်းများကို ကျေးရွာအုပ်စုတွင်တာဝန်ကျသော ကျန်းမာရေးဝန်ထမ်းမှ လာရောက်ထိုးနှံပေးခြင်းဖြစ်ပါသည်။ ကျေးရွာတွင် ရာသီကူးပြောင်း တုပ်ကွေးရောဂါများနှင့် အဖျားရောဂါများအနည်းငယ်ဖြစ်ကြပါသည်။ ဆီးချို၊ သွေးတိုးရောဂါများလည်း အဖြစ်နည်းပါသည်။ ကျေးရွာတွင် ဂေါက်ရောဂါဟုခေါ်သော (အစစ်အမြစ်နာ/ရောင်)သောရောဂါများ ဖြစ်ပွားမှုမှာ အသင့်အတင့် ဖြစ်ပွားကြပါသည်။ အရေးပေါ် ကျန်းမာရေးကိစ္စများဖြစ်ပါက ၁မိုင်၅ဖာလုံဝေးသော တလုပ်ပင်ကျန်းမာရေးဆေးပေးခန်းသို့ လည်းကောင်း၊ ၂မိုင်ခန့်ဝေးသော မကြီးကုန်းကြီးတိုက်နယ်ဆေးရုံသို့လည်းကောင်း၊ (၅)မိုင်ခန့်ဝေးသော မြို့သစ်မြို့နယ်ဆေးရုံသို့သွားရောက် ကုသရပါသည်။ လူနာတင်ယာဉ်သီးသန့် မရှိပါ။ ကျန်းမာရေးကိစ္စအရေးကြီးဖြစ်လျှင် ကျေးရွာမှ ပုဂ္ဂလိက ကားများနှင့် သုံးဘီးဆိုင်ကယ်များကို ငှားရမ်းအသုံးပြုရပါသည်။ ကျေးရွာတွင် အိမ်ထောင်စု (၆၂၅)စုမှ လူဦးရေ (၂၉၃၆)ဦး ရှိသော်လည်း ကျန်းမားရေးကိစ္စများဖြစ်ပေါ်လျှင် ကုန်ကျစရိတ်နည်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းခြင်းများဖြစ်ပါသဖြင့် ကျန်းမာရေးဆေးပေးခန်း လိုအပ်လျှက် ရှိပါသည်။ အင်းရွာကြီးကျေးရွာတွင် ကျန်းလက်ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ရန် ရွာပိုင်မြေ

၁.၂၃ကေရှိသော မြေနေရာသည် မြေစာရင်းပုံစံ ၃၉ ရထားပြီးဖြစ်၍ ကျန်းမာရေးဆေးပေးခန်းရရှိရန် ကျန်းမာရေးဌာနသို့ တင်ပြထားပြီးဖြစ်ပါသည်။

**(ဃ) ပညာရေး**

အင်းရွာကြီးကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်း အဆင့်သာရှိပြီး အထက်တန်းပညာကိုဆက်လက်သင်ကြားနိုင်ရန်အတွက် (၄)မိုင်ခန့်ဝေးကွာသောမြို့သစ်မြို့၊ (၈)မိုင်ခန့်ဝေးကွာသောနတ်မောက်မြို့နှင့် မြောက်ဘက်ရှိ မကြီးကုန်းကြီးကျေးရွာများသို့သွားရောက်၍ အထက်တန်းပညာအား ဆက်လက်သင်ကြားရပါသည်။ အင်းရွာကြီးကျေးရွာအလယ်တန်းကျောင်းတွင်ကျောင်းသား/သူ စုစုပေါင်း (၄၇၉)ယောက်ရှိပြီး ဆရာ/ဆရာမ (၁၆)ဦးရှိပါသည်။ အင်းရွာကြီးကျေးရွာရှိအလယ်တန်းကျောင်းတွင် ကျောင်းဆောင်(၄)ဆောင်ရှိသော်လည်း ၃၀'x၉၀'ကျောင်းဆောင်နှစ်ဆောင်သည် မြေဆိုက်ဖြစ်ပြီး ဆရာ/ဆရာမများရုံးခန်းတိုက်မြေဆိုက်တစ်ဆောင်နှင့် E ပုံသဏ္ဍာန်ရှိသော ကျောင်းဆောင်တစ်ဆောင်သာရှိပါသည်။ ကျောင်းဆောင်များအားလုံးသည် သွပ်မိုး ထရံကာများဖြစ်ပြီး E ပုံသဏ္ဍာန်ရှိသောကျောင်းဆောင်မှာ အန္တရာယ်ဆောင်ဖြစ်နေသောကြောင့် ပညာရေးဌာနသို့ ဖျတ်သိမ်းပေးရန် တင်ပြထားပြီးဖြစ်ပါသည်။ အင်းရွာကြီးကျေးရွာတွင် ကျောင်းဆောင်လုံလောက်မှုမရှိပါသဖြင့် (၃၀'x၉၀')ကျောင်းဆောင်တစ်ဆောင်အား ကျေးရွာမှကိုယ်ထူကိုယ်ထ ဆောင်ရွက်ဆဲဖြစ်ပါသည်။ စာသင်ကျောင်းတွင် သောက်သုံးရေမှာ လုံလောက်မှုရှိပါသည်။ စာသင်ကျောင်းဆောင်တွင် ယင်လုံအိမ်သာ သုံးခန်းတွဲနှစ်လုံးသာရှိသောကြောင့် လုံလောက်မှုမရှိပါ။

**(င) ကျားမဆိုင်ရာ ဆက်နွယ်မှု**

အင်းရွာကြီးကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေမှာ အမျိုးသားဦးရေ (၉၄၅)ဦးနှင့် အမျိုးသမီးဦးရေ မှာ(၁၀၁၆)ဦးရှိပြီး အမျိုးသမီးလုပ်သားဦးရေမှာ အမျိုးသားလုပ်သားဦးရေထက်(၇၁)ဦးခန့်ပိုများပါသည်။ ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသားများကဦးဆောင်လေ့ရှိပြီး ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများမှ အများဆုံးပါဝင်လေ့ရှိကြပါသည်။ ကျေးရွာသာရေး၊ နာရေး ဆောင်ရွက်ရာတွင်လည်းအမျိုးသမီးများမှ အများဆုံးပါဝင်လေ့ရှိကြပါသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံရေးရာကိစ္စရပ်များဆောင်ရွက်ရာတွင် အမျိုးသမီးပါဝင်မှုအားနည်းပါသည်။

**(၄) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ**

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူ ပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်**

အင်းရွာကြီးကျေးရွာအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့(၈)ဖွဲ့ကို ဖွဲ့စည်းထားကြပါသည်။ ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ စည်ပင်သာယာအဖွဲ့၊ ဂေါပကအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ရောဂါအဖွဲ့၊ ပရဟိတအဖွဲ့၊လမ်းကော်မတီအဖွဲ့နှင့် ကြက်ခြေနီအဖွဲ့တို့ဖြစ်ပါသည်။ ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့မှ အုပ်ချုပ်ရေးတာဝန်များအားတာဝန်ယူထားပြီး စည်ပင်သာယာရေးအဖွဲ့မှလည်း ကျေးရွာ၏ သာမှုနာမှုကိစ္စများနှင့် ငွေရေးကြေးရေးကိစ္စရပ်များအား တာဝန်ယူဆောင်ရွက်ပါသည်။ ကြက်ခြေနီအဖွဲ့များလည်းရှိပြီး ကျေးရွာသူ/သားများ၏ ကျန်းမာရေးကိစ္စများအား ကူညီဆောင်ရွက်ပေးပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ၊ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြသည်။ ဤကော်မတီသည် လုပ်ငန်းကဏ္ဍအလိုက် ရည်ရွယ်၍ ဖွဲ့စည်းထားသော အဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပုံမှန်အစည်းအဝေးပြုလုပ်၍ အစီအစဉ်ရေးဆွဲခြင်း ၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း စသည်ဖြင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

အင်းရွာကြီးကျေးရွာတွင် မြေယာမဲ့ (၂၅) အိမ်ထောင်စုသာရှိပြီး ကျန်ရှိသောအိမ်ထောင်စုများမှာ တောင်သူများ ဖြစ်ကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ နှမ်း၊ စပါး၊ ဝါ ၊ ခရမ်းချဉ်သီး၊ ပဲတီစိမ်းနှင့်ပြောင်း များကို အဓိကစိုက်ပျိုးကြပါသည်။ စပါးတစ်ကေအထွက်နှုန်းမှာပျမ်းမျှ (၇၀)တင်း၊ နှမ်းတစ်ကေအထွက်နှုန်းမှာ (၅)တင်း၊ ဝါတစ်ကေအထွက်နှုန်းမှာပိဿာ(၃၀၀)နှင့် ခရမ်းချဉ်သီးတစ်ကေအထွက်နှုန်းမှာ ပိဿာ(၂၀၀၀)ကျော်ထွက်ရှိပါသည်။

စိုက်ပျိုးမြေများမှာ လယ်မြေ(၄၈၀)ကေ၊ ယာမြေ(၈၂၀)ကေ၊ စုစုပေါင်း(၁၃၀၀)ကေလုပ်ကိုင်ကြပါသည်။ တောင်သူလုပ်ငန်းများအတွက် လိုအပ်သောလုပ်အားကို မြေယာမဲ့ ကျပန်းနှင့် တောင်သူငယ်များကို မှီခိုအားထားရပါသည်။ မိုးကောင်းသောက်လယ်မြေရေိယာမှာ ၃၃၀ကေဖြစ်ပြီး ဆည်ရေသောက်လယ်မြေရေိယာမှာ ၁၅၀ကေဖြစ်ပါသည်။

မွေးမြူရေးအနေဖြင့် ကြက် ၊ ဝက်၊ သိုး၊ ကျွဲနှင့် နွားတို့ကို မွေးမြူကြပြီး စိုက်ပျိုးရေးနှင့်တွဲဖက်လုပ်ကိုင်ကြသည်။ အင်းရွာကြီးကျေးရွာတွင် အိမ်ထောင်စု(၂၃၅)မှ နွားကောင်ရေ(၂၂၀၀)ခန့်နှင့် အိမ်ထောင်စု(၅)စုမှ ဆိတ်ကောင်ရေ (၃၀၀)ခန့် မွေးမြူကြပါသည်။ ဝက်မွေးမြူရေးအား အိမ်ထောင်စု(၂၀၀)စုခန့်မှမွေးမြူကြပြီး နှစ်စဉ်ကျရောက်သော ရောဂါများကိုထိရောက်စွာကာကွယ်နိုင်မှု၊ နည်းပညာ

ပွဲ့ပိုးမှုများ မရရှိခြင်းနှင့် စျေးကွက်စီးပွားရေးမရှိခြင်းတို့ကြောင့် စီးပွားဖြစ်ဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်မှု နည်းပါးပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

အင်းရွာကြီးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများတွင် နေ့စားအငှားအလုပ်လုပ်ခြင်း၊ ပန်ရံ၊ လက်သမားအလုပ်လုပ်ခြင်း၊ ဆံပင်ညှပ်ဆိုင်ဖွင့်လှစ်ခြင်း၊ ဆိုင်ကယ်ပြင်ဆိုင်၊ အစိုးရဝန်ထမ်းများ၊ စက်ချုပ်လုပ်ငန်းများ၊ အိမ်ဆိုင်များ၊ လက်လီလက်ကားရောင်းဝယ်ရေးများ၊ လက်လုပ်လက်စာကျပန်းအလုပ်သမားများ စသည်ဖြင့် လုပ်ကိုင်ကြပါသည်။ ထို့အပြင် အင်းရွာကြီးကျေးရွာတွင် ဝါး၊နှီးဖြင့် ဖျာ၊ ထရံ၊ သက္ကယ်နှင့် ယိုင်ရက်လုပ်ခြင်းလုပ်ငန်းများအား အများအားဖြင့်လုပ်ကိုင်ကြပြီး အိမ်ထောင်စုအားလုံး၏ ၄၀%ခန့် လုပ်ကိုင်ကြပါသည်။ ထို့နောက် အင်းရွာကြီးကျေးရွာတွင် ပြာသိုလမှ တန်ခူးအထိ ကြံခုတ်ခြင်းလုပ်ငန်းအား လူဦးရေ (၂၀၀)ခန့် နှစ်စဉ်သွားရောက်လုပ်ကိုင်ကြပါသည်။ ကြံခုတ်ခြင်းလုပ်ငန်းမှာ (၄)လကာလအတွင်း တစ်ရာသီတွင် အမျိုးသားများအနေဖြင့် (၂၅)သိန်းခန့်နှင့် အမျိုးသမီးများအနေဖြင့် (၁၂)ခန့် ဝင်ငွေရရှိသဖြင့် စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများမှာ အဆင်ပြေလှပါသည်။ အစိုးရဝန်ထမ်းများမှလွဲ၍ အခြားသူများတွင် ပုံမှန်ဝင်ငွေမရှိပါ။ ကျေးရွာတွင်စိုက်ပျိုးရေးလုပ်ငန်းအား အဓိကလုပ်ကိုင်ကြသော်လည်း မွေးမြူရေးနှင့် အခြားလုပ်ငန်းများ တွဲဖတ်လုပ်ကိုင်ကြသဖြင့် စားဝတ်နေရေး အဆင်ပြေပါသည်။ သို့ဖြစ်ပါ၍ အင်းရွာကြီးကျေးရွာတွင် အခြားဒေသသို့ သွားရောက်လုပ်ကိုင်သူ နည်းပါးလှပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု**

အင်းရွာကြီးကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းတွင် သီးနှံများ ပိုးမွှားရောဂါများကျရောက်ပါက ဓါတုဆေးဝါးများ အဓိကအသုံးပြုကြပြီး စနစ်တကျ ဖျက်ပိုးကာကွယ်နှိမ်နင်းမှုမရှိခြင်းနှင့် ဖျက်ပိုးကာကွယ်နှိမ်နင်းနည်းပညာ အားနည်းခြင်းများကြောင့် သီးနှံအထွက်နှုန်းအနည်းငယ် လျော့နည်းကြသည်။ စပါးစိုက်ပျိုးလယ်မြေများတွင်လည်း ရွာတွင်းမှ သဘာဝမြေသြဇာဖြစ်သည့် နွားချေးမြေသြဇာအနည်းငယ် ကိုသာ အသုံးပြုနိုင်၍ ဓါတုဓါတ်မြေသြဇာများအား နှစ်စဉ်ဆက်တိုက်အသုံးပြုခြင်းတို့ကြောင့် စိုက်ပျိုးမြေများတွင် မြေဆီလွှာများ အဆင့်အတန်းကျဆင်းမှု ရှိပါသည်။ အင်းရွာကြီးကျေးရွာရှိအိမ်ထောင်စုများမှ ပလပ်စတစ်နှင့်အမှိုက်များအား ရွာလယ်လမ်းတွင် အမှိုက်ပုံများစနစ်တကျထားရှိ၍ စွန့်ပစ်ခြင်းများကြောင့် သဘာဝအရင်းအမြစ် ဆုံးရှုံးမှုနည်းပါးပါသည်။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

အင်းရွာကြီးကျေးရွာတွင် တောင်သူလယ်သမားများအတွက်လိုအပ်သော ငွေကြေးအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အတိုးနှုန်း ပြားစ၀ဖြင့် ကာလတိုချေးငွေအနေဖြင့် နှစ်စဉ်မိုးဦးကျတွင် ချေးယူကြပါသည်။ လယ်ယာမြေပုံစံ(၇)ရှိသူများကိုလယ်တစ်ဧက(၅၀၀၀၀/-)ကျပ်နှုန်းဖြင့် အိမ်ထောင်စု (၁၅၁)စုမှ ကျပ်(၈၈၃)သိန်းအား ချေးယူထားပါသည်။ မြို့နယ်သမအသင်းမှလည်း အိမ်ထောင်စု

(၂၆၈)စုမှကျပ်(၅၅၄)သိန်း ချေးယူထားပါသည်။ အခြားပြင်ပအဖွဲ့အစည်းများဖြစ်သည့် ပတ်မြန်မာအဖွဲ့မှ အတိုးနှုန်း (၁/-)ဖြင့် အိမ်ထောင်စု (၂၃၅)စုအတွက် ငွေကျပ်သိန်း(၂၈၅၀)အား ချေးယူထားရှိပါသည်။ အင်းရွာကြီးကျေးရွာတွင် တစ်အိမ်ထောင် ၁၀၀၀/-နှုန်းဖြင့် (၆)သိန်းနှင့် မြို့နယ်ကြက်ခြေနီ အဖွဲ့မှပေးအပ်ထားသော (၄)သိန်း စုစုပေါင်း (၁၀)သိန်းဖြင့် မ, တည်၍ “အခြေခံကြက်ခြေနီရန်ပုံငွေ” အဖွဲ့တည်ထောင်၍ ကျေးရွာရှိ ငွေကြေးလိုအပ်နေသူများကို တစ်ဦးလျှင် ငါးသောင်းနှုန်းဖြင့် ချေးငွေကာလ (၄)လကို အတိုးငွေ ၂.၅နှုန်းဖြင့် ချေးပေးထားပါသည်။ ၎င်းချေးငွေမှ ရရှိသော အတိုးအား ကျေးရွာရှိ ကလေးမီးဖွားသူများနှင့် (၅)နှစ်အောက်ကလေးများ ထောက်ပံ့ခြင်းများ ရရှိအောင် ဆောင်ရွက်ထားရှိပါသည်။

**(စ ) လူငယ်နှင့် ယဉ်ကျေးမှု**

အင်းရွာကြီးကျေးရွာတွင် လူငယ်များ အနားယူအပမ်းဖြေရန် နေရာများမရှိသော်လည်း (၁၂)လ ရာသီပွဲတော်များအား ကျင်းပမှုရှိပါသည်။ ယင်းပွဲတော်များတွင် လူငယ်များသည် တက်ကြွစွာပူးပေါင်း ပါဝင်မှုများရှိကြပါသည်။ ကျေးရွာရှိလူငယ်များသည် ကျေးရွာ၏ သာရေး၊ နာရေးကိစ္စရပ်များအပြင် ဘာသာရေးကိစ္စများတွင်လည်းပါဝင်မှုရှိပါသည်။ ကျေးရွာရှိ လူငယ်များ စာပေလေ့လာရန်အတွက်လည်း စာကြည့်တိုက်ရှိပါသည်။ လူငယ်များ အသိပညာများတိုးပွားလာစေရန်အတွက် အတက်ပညာများ တိုးပွားစေရန် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျှင် လူငယ်များဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ပါသည်။

**(ဆ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

အင်းရွာကြီးကျေးရွာသည် မြို့သစ်မြို့နယ် အင်းရွာကြီးကျေးရွာအုပ်စု ရွာဖြစ်ပြီး ကျေးရွာအုပ်ချုပ် ရေးမှူး( ၁ )ဦးသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးတို့အတွက် ရပ်မိရပ်ဖများနှင့် ပူးပေါင်း၍ စီမံအုပ်ချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပါသည်။ မြို့သစ်မြို့နယ်ဧရိယာနှင့် အလှမ်းမဝေးသဖြင့် လုံခြုံ ရေးဝန်ဆောင်မှုများ ရရှိပြီး ကျေးရွာတွင် ကြီးမားသော ရာဇဝတ်မှုများမရှိပါ။ ကျေးရွာလူထုသည် အာမခံ ထားရှိမှု အလှမ်းကွာဝေးနေသေးသည်။ မီးဘေးကြိုတင်ကာကွယ်ရန်အတွက် အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းထားသော်လည်း အခြားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီများအဖြစ် ဖွဲ့ထားခြင်းမရှိ သေးပါ။

(ဇ) **အခြေခံအဆောက်အဦများ လက်လှမ်းမီမှု**

အင်းရွာကြီးကျေးရွာတွင် ရွာလယ်ဗဟိုပြု၍ အရှေ့အနောက်ရွာလယ်လမ်းမကြီးနှင့် တောင်မြောက်လမ်းမကြီး (၂)ခုရှိပါသည်။ ရွာလယ်တောင်မြောက်လမ်းမကြီးမှာ ပေ၂၀၀၀ခန့်နှင့် အရှေ့အနောက်လမ်းမကြီးမှာ ပေ၂၅၀၀ခန့် ရှည်လျားပါသည်။ ရွာလယ်လမ်းအရှေ့အနောက်လမ်းမှာ မြေသားလမ်းဖြစ်ပြီး ပွင့်လင်းရာသီ၌သာ ကောင်းမွန်စွာသွားလာနိုင်ပါသည်။ အင်းရွာကြီးကျေးရွာတွင် ချဉ်းကပ်လမ်း (၁၈)လမ်းရှိပြီး စုစုပေါင်း၃မိုင် ၄ဖာလုံခန့်ရှိပါသည်။ အင်းရွာကြီးကျေးရွာ၏ အရှေ့ဘက်ရှိ

ရွာသာရွာနှင့် (၆)မိုင်ခန့်၊ တောင်ဘက်ရှိ တလင်းကုန်းကျေးရွာနှင့် (၁)မိုင်ခန့်၊ မြောက်ဘက်ရှိ မကြီးကုန်းကြီးကျေးရွာနှင့် (၂)မိုင်ခန့်ကွာဝေးပြီး ပွင့်လင်းရာသီဥတုသာသွားလာနိုင်သော မြေသားလမ်းများဖြစ်ပါသည်။ ကျေးရွာ၏မြေပြင်အနေအထားအရ စိုက်ပျိုးရန်သင့်တင့်ကောင်းမွန်ပြီး ရွာ၏အနောက်ဘက်တွင် နတ်မောက်လက်ဝဲဆည်မြောင်းမကြီးရှိသဖြင့် ရွာ၏အနောက်ဘက်ရှိ လယ်၊ယာမြေများမှာ စိုက်ပျိုးရေးအတွက် ရေလုံလောက်မှုရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်ရှိ လယ်ယာမြေများမှာ ဆည်ရေမရောက်ရှိသဖြင့် မိုးကောင်းသောက်သာ စိုက်ပျိုးနိုင်ပါသည်။

## (၅) **ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ**

ကျွန်ုပ်တို့ အင်းရွာကြီးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်း ဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေးအား အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ် ခဲ့ကြပါသည်။

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ် များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ၂၀၂၃ခုနှစ်တွင် အင်းရွာကြီးကျေးရွာအတွင်းတွင် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ခြင်း၊ ကျေးရွာ၏ အခြေခံအဆောက်အဦးများ၊ စိုက်ပျိုးရေးအတွက် မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများရရှိအောင်ဆောင်ရွက်ခြင်း၊ ကျေးရွာတွင် လမ်းများအားလုံး ကျောက်ချောလမ်းများ အဖြစ်ဆောက်လုပ်ခြင်း၊ စာသင်ကျောင်းဆောင်များ ပြုပြင်ခြင်း၊ အသစ် တည်ဆောက်ခြင်း၊ အိမ်တိုင်းယင်လုံအိမ်သာသုံးစွဲခြင်းစသည့် လူမှုအခြေခံ အဆောက်အဦးများပြည့်စုံပြီး လူနေမှုအဆင့်အတန်း မြင့်တက်နေပြီး ဖြစ်ရမည်။

(၂) ၂၀၂၃ ခုနှစ် စက်တင်ဘာလကုန်တွင် အင်းရွာကြီးကျေးရွာအတွင်းရှိ အိမ်ထောင်စုများသည် သီးနှံတိုးတက်ထုတ်လုပ်နိုင်ခြင်း၊ တိရစ္ဆာန်တိုးတက်မွေးမြူနိုင်ခြင်းတို့ဖြင့် မိသားစုဝင်ငွေ တိုးတက်လာရမည်။

(၃) ပညာရည်တက်မြောက်မှု မြင့်မားလာအောင်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းတို့ကြောင့် ကျေးရွာလူငယ်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာရမည်။

(ခ) **နည်းဗျူဟာ**

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

- အထက်ပါပန်းတိုင်များသို့ ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရဌာနများ၊အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်၍ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်များအား ဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သည်။ ပြင်ပမှနည်းပညာ၊ငွေကြေးစသည့် အကူအညီများရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာအတွင်းရှိ အခြားအဖွဲ့ ကော်မတီများဖြင့်လည်း ညှိနှိုင်း၍ တာဝန်များကို ခွဲဝေအပ်နှင်း ဆောင်ရွက်မည်။
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် လက်ရှိလိုအပ်နေသောအရင်းအနှီးကို ဖွံ့ဖြိုးရေးအဖွဲ့များ၊ သက်ဆိုင်ရာ အစိုးရဌာနများ ၊ ပုဂ္ဂလိကဘဏ်များ၊ ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ မိမိတို့ကျေးရွာဖွံ့ဖြိုးရေး လှည့်ပတ်ရံပုံငွေထူထောင်ခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။
- ကျေးရွာတွင် လက်ရှိရွာတွင်းလမ်းများပျက်စီးခြင်း၊ စာသင်ကျောင်းဆောင် လုံလောက်မှုမရှိခြင်း၊ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ထမ်းနှင့် ဆေးခန်းသုံးပရိဘောဂများ ပြည့်စုံစွာရရှိခြင်းများအား ကျေးလက်ဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း ဖွံ့ဖြိုးရေးအဖွဲ့များ၊ ပုဂ္ဂလိကအလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။
- ကျေးရွာရေရှည် ဖွံ့ဖြိုးတိုးတက်ရန်၊ အသက်မွေးဝမ်းကျောင်း ပညာများ ကျွမ်းကျင်တက်မြောက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲ၍ အကောင်အထည်ဖော်ရေး စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်သည်။ ထိုသို့ စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် အရင်းအနှီး မတက်နိုင်ခြင်း၊ အဆက်အသွယ်အားနည်းခြင်းတို့ကြောင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားရန် အစိုးရဌာနများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့များနှင့် ချိတ်ဆက်၍ လက်တွေ့အကောင်အထည်ဖော်ရေး အစီအစဉ်ရေးဆွဲဆောင်ရွက် မည်ဖြစ်သည်။

## (၆) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ

ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ် ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

အင်းရွာကြီးကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ မရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် (ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် ကျေးရွာရှိ မွေးမြူရေး၊ ဆင်းရဲသား မြေယာမဲ့များအတွက်လည်း ဝင်ငွေတိုးလုပ်ငန်းများအတွက် သင့်တော်သော အတိုးနှုန်းဖြင့် ကာလရှည် ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ၊ ဘဏ်များ၊ ပုဂ္ဂလိကကုမ္ပဏီများ နှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ထို့ကြောင့် ကျေးရွာသူ/သားများ လိုအပ်သောချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

အင်းရွာကြီးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်မွေး ထုတ်လုပ်သူ တောင်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများသိရှိမှု အားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ ဒေသထွက်ကုန်များကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘော တရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် သက်ဆိုင်ရာဦးစီးဌာနများနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်း လမ်းပြ ဖေးမမှုများကလည်း အရေးပါလှပါသည်။ ၎င်းအပြင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ကိုလည်း မြှင့်တင်ပေးခြင်းဖြင့် မြေယာမဲ့နှင့် လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်းများ လိုအပ်ပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဂန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်း များဖြင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဈေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မားလာစေမည် ဖြစ်ပါသည်။ ထို့နောက်တွင် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများ များပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်း လုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်း စသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

## (၇) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုး စီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန်

ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classifi-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက် ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ – စိုက်ပျိုးရေး၊ ပညာရေးကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်း ဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ–လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ –ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား အုပ်စု (၅) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော

စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

အင်းရွာကြီးကျေးရွာ၏ ဦးစားပေးစီမံကိန်းများကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံကိန်းများကို အခြေခံ၍ အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ –

| ကဏ္ဍ / အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက် အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| စိုက်ပျိုးရေး ကဏ္ဍ | | | | | |
| | ၁။ အရည်အသွေးပြည့်ဝသော မြေဩဇာများရရှိအောင်ဆောင်ရွက်ခြင်း | ၂၃ | ၁၆ | • စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | |
| အခြား ဝင်ငွေရ လုပ်ငန်းများ | | | | | |
| | ၂။ အသက်မွေးဝမ်းကျောင်း(ဆိုင်ကယ်ပြင် ဖုန်းပြင်၊ ကွန်ပျူတာ ) သင်တန်းများ ဖွင့်လှစ်ခြင်း။ | ၄၆ | ၁၁ | • ဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ တင်ပြတောင်းခံခြင်း။ | |
| | ၃။ ချေးငွေရရှိအောင်ဆောင်ရွက်ခြင်း | ၂၉ | ၁၄ | • ဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ တင်ပြတောင်းခံခြင်း။ | |
| ပညာရေး | | | | | |
| | ၄။ စာသင်ကျောင်းဆောင်အသစ် ဆောက်လုပ်ခြင်း။ | ၇၄ | ၃ | • ကျေးရွာရှိ ကျောင်းကော်မတီအဖွဲ့မှ ဦးဆောင်၍ ပညာရေးဌာနသို့ တင်ပြဆောင်ရွက်ခြင်း။ | |

| | | | | |
|---|---|---|---|---|
| | ၅။ စာသင်ကျောင်းတွင် ယင်လုံအိမ်သာနှင့် ပရိဘောဂများ ရရှိအောင် ဆောင်ရွက်ခြင်း။ | ၅၅ | ၈ | • ပညာရေးဌာနသို့ တင်ပြဆောင်ရွက်ခြင်း။ |
| ကျန်းမာရေး | | | | |
| | ၆။ ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်း။ | ၈၂ | ၂ | • ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ |
| | ၇။ သန့်ရှင်းသောသောက်သုံးရေ ရရှိအောင်ဆောင်ရွက်ခြင်း။ | ၂၀ | ၁၅ | • ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ |
| လမ်းပန်းဆက်သွယ်ရေး | | | | |
| | ၈။ ကျန်ရှိသောရွာလယ်လမ်းအား ကွန်ကရစ်ခင်းခြင်း။ | ၁၀၀ | ၁ | • သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ |
| | ၉။ ကွက်သစ်သွားသောလမ်းကျောက်ချော ခင်းခြင်း။ | ၄၆ | ၁၀ | • သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ |
| | ၁၀။ ဘုန်းတော်ကြီးကျောင်းသွားသော | ၄၃ | ၁၃ | • သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ |

| | | | | |
|---|---|---|---|---|
| | လမ်း ကျောက်ချောခင်းခြင်း။ | | | |
| | ၁၁။ စာသင်ကျောင်းသွားသောလမ်း ကျောက်ချောခင်းခြင်း။ | ၅၇ | ၆ | • သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ |
| မီးလင်းရေး | | | | |
| | ၁၂။ လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း။ | ၅၅ | ၇ | • သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ |
| လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား | | | | |
| | ၁၃။စာကြည့်တိုက်အဆောက်အဦနှင့် မြေနေရာရရှိအောင်ဆောင်ရွက်ခြင်း။ | ၇၀ | ၄ | • ကျေးရွာရှိရပ်မိရပ်ဖများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ တို့မှ ဦးဆောင်၍ ကြိုးစားခြင်း။ |
| | ၁၄။ အားကစားကွင်းမြေနေရာ ဝယ်ယူခြင်း။ | ၅၇ | ၅ | • ကျေးရွာရှိရပ်မိရပ်ဖများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ တို့မှ ဦးဆောင်၍ ကြိုးစားခြင်း။ |
| အခြေခံအဆောက်အအုံ | | | | |
| | ၁၅။ ကွက်သစ်သွားလမ်းတံတားတည် ဆောက်ခြင်း။ | ၄၈ | ၉ | ကျေးရွာရှိရပ်မိ၊ရပ်ဖများမှ ဦးဆောင်ဆောင်ရွက်ခြင်း။ |
| | ၁၆။ သုသာန်သွားလမ်းတံတားတည် | ၄၄ | ၁၂ | ဖွံ့ဖြိုးရေးကော်မတီများနှင့် ရပ်မိရပ်ဖများမှ သက်ဆိုင်ရာဌာနများနှင့် |

ဆောက်ခြင်း။

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံကိန်း(Project) | ဦးစားပေး အဆင့် | ၂၀၁၈ – ၂၀၁၉ | ၂၀၁၉ – ၂၀၂၀ | ၂၀၂၀ – ၂၀၂၁ | ၂၀၂၁ – ၂၀၂၂ | ၂၀၂၂ – ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ကျန်ရှိသောရွာလယ်လမ်းအား ကွန်ကရစ်ခင်းခြင်း။ | ၁ | ✓ | | | | |
| ၂ | ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်း။ | ၂ | | ✓ | ✓ | | |
| ၃ | စာသင်ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးခြင်း။ | ၃ | | ✓ | | | |
| ၄ | စာကြည့်တိုက်အဆောက်အဦနှင့် မြေနေရာရရှိအောင်ဆောင်ရွက်ခြင်း။ | ၄ | | | | | ✓ |
| ၅ | အားကစားကွင်းမြေနေရာဝယ်ယူခြင်း။ | ၅ | | | | ✓ | |
| ၆ | စာသင်ကျောင်းသွားသောလမ်း ကျောက်ချောခင်းခြင်း။ | ၆ | | | | | ✓ |
| ၇ | လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်။ | ၇ | | ✓ | | | |
| ၈ | စာသင်ကျောင်းတွင် ယင်လုံအိမ်သာ နှင့်ပရိဘောဂများရရှိအောင် ဆောင်ရွက်ခြင်း။ | ၈ | | | | | ✓ |
| ၉ | ကွက်သစ်သွားသောလမ်းတွင်တံတား တည်ဆောက်ခြင်း။ | ၉ | | | ✓ | | |
| ၁၀ | ကွက်သစ်သွားသောလမ်းကျောက်ချော ခင်းခြင်း။ | ၁၀ | | | | ✓ | |

| စဉ် | စီမံကိန်း(Project) | ဦးစားပေး အဆင့် | ၂၀၁၈ – ၂၀၁၉ | ၂၀၁၉ – ၂၀၂၀ | ၂၀၂၀ – ၂၀၂၁ | ၂၀၂၁ – ၂၀၂၂ | ၂၀၂၂ – ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁၁ | သက်မွေးသင်တန်းများဖွင့်လှစ်ပေးခြင်း(ဆိုင်ကယ်ပြင်၊ ဖုန်းပြင်၊ ကွန်ပျူတာ) သင်တန်းများ<br>၁၂။ သုသာန်သွားသောလမ်းတွင် တံတားတည်ဆောက်ခြင်း။<br>၁၃။ ဘုန်းတော်ကြီးကျောင်းသွားသောလမ်းအားကျောက်ချောခင်းခြင်း။<br>၁၄။ ချေးငွေရရှိအောင်ဆောင်ရွက်ခြင်း<br>၁၅။ သန့်ရှင်းသောသောက်သုံးရေရရှိအောင်ဆောင်ရွက်ခြင်း။<br>၁၆ အရည်အသွေးပြည့်ဝသော မြေသြဇာများ ရရှိအောင် ဆောင်ရွက်ခြင်း။ | ၁၁ | | | | | ✓ |

## (၈) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်

များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာ ကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ် ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင် မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ – လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုအထောက်အပံ့ |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျန်ရှိသောရွာလယ်လမ်းအား ကွန်ကရစ်ခင်းခြင်း။ | | | ✓ | | |
| ၂ | ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်း။ | | | ✓ | | |
| ၃ | စာသင်ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးခြင်း။ | | | ✓ | | |
| ၄ | စာကြည့်တိုက်အဆောက်အဦနှင့် မြေနေရာရရှိအောင်ဆောင်ရွက်ခြင်း ။ | | | ✓ | | |

| | | |
|---|---|---|
| ၅ | အားကစားကွင်းမြေနေရာဝယ်ယူခြင်း။ | ✓ |
| ၆ | စာသင်ကျောင်းသွားသောလမ်း ကျောက်ချောခင်းခြင်း။ | ✓ |
| ၇ | လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်။ | ✓ |
| ၈ | စာသင်ကျောင်းတွင် ယင်လုံ အိမ်သာ နှင့်ပရိဘောဂများ ရရှိအောင် ဆောင်ရွက်ခြင်း။ | ✓ |
| ၉ | ကွက်သစ်သွားသောလမ်းတွင် တံတားတည်ဆောက်ခြင်း။ | |
| ၁၀ | ကွက်သစ်သွားသောလမ်း ကျောက်ချောခင်းခြင်း။ | |
| ၁၁ | သက်မွေးသင်တန်းများဖွင့်လှစ် ပေးခြင်း(ဆိုင်ကယ်ပြင်၊ ဖုန်းပြင်၊ ကွန်ပျူတာ) သင်တန်းများ | |
| ၁၂ | သုဿန်သွားသောလမ်းတွင် တံတားတည်ဆောက်ခြင်း။ | |
| ၁၃ | ဘုန်းတော်ကြီးကျောင်းသွားသော လမ်းအားကျောက်ချောခင်းခြင်း။ | |
| ၁၄ | ချေးငွေရရှိအောင်ဆောင်ရွက်ခြင်း။ | |
| ၁၅ | သန့်ရှင်းသောသောက်သုံးရေရရှိ အောင်ဆောင်ရွက်ခြင်း။ | |
| ၁၆ | အရည်အသွေးပြည့်ဝသော မြေဩဇာများရရှိအောင် ဆောင်ရွက်ခြင်း။ | |

(၉) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင် အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် ကျောင်း၏ ပညာအရည်အသွေး တိုးတက်ကောင်းမွန်ရန်နှင့် ကျောင်း၏လိုအပ်ချက်များကို တင်ပြတောင်းခံနိုင်ရန် တာဝန်ယူဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များ ကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ – ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် ကျောင်း၏ စာသင်ကျောင်းဆောင် အသစ်တည်ဆောက်ရန်နှင့် ကျောင်းဆောင်ပြုပြင်တည်ဆောက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန် ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များ ထားရှိမည်။ ဥပမာအားဖြင့် ကျေးရွာတွင်း ကျောက်ချောလမ်းများ ပျက်စီးဆုံးရှုံးမှု မရှိစေရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်ကြီးကြပ်၍ စည်းကမ်းချက်များထုတ်ပြန်ခြင်း ၊ ရွာတွင်းလမ်း ဘေးနေအိမ်များမှလည်း လမ်းပျက်စီးစေမည့် အကြောင်းအရာများ မပြုလုပ်ရန် ပိုင်ရှင်စိတ်ဓါတ်ဖြင့် ထိန်းသိမ်းသွားစေပါမည်။ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားပါက ကျေးရွာပိုင်ရန်ပုံငွေဖြင့် ပြင်ဆင် ထိန်းသိမ်းခြင်းများ ဆောင်ရွက်ပါမည်။

## (၁၀) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

